MB

P.D.F

MOBYE PEOPLE DEFENSE FORCE

# Mobye People Defense Force

ကြေ ညာ ချက် အမှတ်၊ ၂/ ၂၀၂၂။

ရက်စွဲ။ ဖေဖော်ဝါရီလ(၁၇)ရက်၊ ၂၀၂၂ခုနှစ်။

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ဖေဖော်ဝါရီလ (၁၇) ရက်နေ့ မနက်ပိုင်းမှ စတင်ပြီး မိုးဗြဲမြို့ပေါ်၊ ဟိုက်ကွီဆည်နှင့် ဝါရီဆူးဖလိုင်ရွာနားတွင် တစ်နေကုန်နီးပါး တိုက်ပွဲပြင်းထန်ခဲ့ရာ တိုက်ပွဲတွင် မိုးဗြဲ PDF၊ လွိုင်ကော် PDF၊ ဒီးမော့ဆို PDF၊ ဖယ်ခုံ PDF၊ KA ၊ KNDF၊ KGZ ၊ JPDF ၊ GZ-21 နှင့် အခြား မဟာမိတ်တပ်ပေါင်းစုများ ပူးပေါင်းပြီး အကြမ်းဖက်စစ်တပ်ကို ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့ပါသည်။ အထိနာခဲ့သော အကြမ်းဖက်စစ်တပ်သည် နေ့လည် (၁)နာရီဝန်းကျင်တွင် သံချပ်ကာအမြောက်ကား(၂)စီး၊ အကြမ်းဖက်စစ်သား ၁၀၀ ဝန်းကျင် စစ်ကူခေါ်ခဲ့ပြီးနောက် ထပ်မံ အထိနာခဲ့ပါသည်။

(၂၀)ဦးထက်မနည်းသေဆုံးခဲ့သော စကစဘက်မှ လက်နက်ကြီး အဆမတန်အသုံးပြုခဲ့သည့်အပြင် ညနေ ၅နာရီဝန်းကျင်၌ လေယာဉ်(၂) စီးဖြင့် (၇) ကြိမ်ခန့် ပစ်ခတ်ခဲ့ပြီးနောက် ပြည်သူ့ရဲဘော်များလည်း ထိခိုက်၊ ကျဆုံးမှုများ ရှိခဲ့ပါသည်။ အကြမ်းဖက်စစ်တပ် ရမ်းသမ်းပစ်ခတ်ခဲ့သော လက်နက်ကြီးများကြောင့် ပြည်သူ့ အိုးအိမ် ပျက်စီးမှုများနှင့် မီးလောင်မှုများ ရှိခဲ့သည့်အပြင် အရပ်သား ထိခိုက်ဒဏ်ရာ ရရှိသူများလည်း ရှိခဲ့ပါသည်။

အကြမ်းဖက်စစ်တပ်ကို ရွံ့ရွံ့ချွန်ချွန် ခုခံတိုက်ခိုက်ခဲ့သည့် ပြည်သူရဲဘော်များတွင် **မိုးဗြဲ PDF မှ ရဲဘော် (၇)ဦး ကျဆုံးခဲ့ပြီး (၆) ဦး ဒဏ်ရာ** ရရှိခဲ့ပါသည်။ ရှေ့တန်းစစ်မြေပြင် ကယ်ဆယ်ရေး ဆရာဝန်တစ်ဦး ကျဆုံးခဲ့ပြီး မိုးဗြဲ PDF ကယ်ဆယ်ရေးကား(၁) စီးလည်း ပျက်စီးဆုံးရှုံးခဲ့ပါသည်။ အခြား မဟာမိတ်တပ်ဖွဲ့အချို့မှ ပြည်သူ့ရဲဘော်များလည်း ထိခိုက်ကျဆုံးမှုများ ရှိခဲ့ပါသည်။ ပြည်သူ့အကျိုးဆောင်ပြီး စစ်မှန်သော ဖယ်ဒရယ်ဒီမိုကရေစီ ရရှိရေးအတွက် အကြမ်းဖက်စစ်တပ်ကို ခုခံတိုက်ခိုက်ပြီး ကျဆုံးသွားသော ရဲဘော်များကို ပြည်သူ့အာဇာနည်သူရဲကောင်းများအဖြစ် မှတ်တမ်းတင် ဦးညွှတ်အပ်ပါသည်။ အသင်တို့၏ အပြုံးမျက်နှာများနှင့် ရဲရင့်သောစကားသံများကို MB PDF ၏ နှလုံးသား၌ အစဉ်အမြဲ မှတ်ကျောက်တင်ပြီး စစ်အာဏာရှင် ကျဆုံးသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားပါမည်ဟု အလေးအနက် သစ္စာပြုပါသည်။

**မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်-MBPDF**

**ဗ ဟို သ တင်း နှင့် ပြန် ကြား ရေး**